Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

## NCA ကို လက်မှတ်ရေးထိုးထားသောအဖွဲ့ ၈ ဖွဲ့က စစ်ကောင်စီနှင့် ဆွေးနွေးရန် နိုင်ငံတကာကို အကူအညီတောင်းခြင်းသည် ဥပဒေစိုးမိုးရေးအခြေခံနှင့် ဆန့်ကျင်ကြောင်း သုံးသပ် ထုတ်ပြန်ချက်

၁။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(NCA-SEAO) ၁၀ ဖွဲ့အနက် ၈ ဖွဲ့[1] သည် ၂၀၂၁ မေလ ၁၁ ရက်နေ့တွင် နိုင်ငံတကာ အသိုင်းအဝိုင်းတချို့ကို[2] လိပ်မူကာ မြန်မာနိုင်ငံ၏ပဋိပက္ခအား ဝင်ရောက်ဖြန်ဖြေပေးရန် တောင်းဆိုပေးပို့လိုက်ကြောင်း တွေ့ရသည်။[3]

၂။ အဆိုပါပေးစာအရ နိုင်ငံရေးဆွေးနွေးမှုအတွက် ၎င်းနိုင်ငံများ က ကြားဝင်စေ့စပ်ရေး အခန်းကဏ္ဍမှ ဦးဆောင်ပါဝင်သွားရန်နှင့် NCA ကိုလက်မှတ်ရေးထိုး ထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက် နက်ကိုင် တပ်ဖွဲ့များဖြစ်ကြသော AA၊ KIO၊ KNPP၊ MNDAA၊ TNLA၊ UWSA တို့ကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း

[1] တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အနက် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)၊ မွန်ပြည်သစ်ပါတီ (NMSP) ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ကရင်အမျိုးသားအစည်း အရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) တို့က လက်မှတ်ရေးထိုးတင်သွင်းကြခြင်းဖြစ်သည်။ ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့၏ အမည်များအား ယင်းစာတွင်တွေ့ရသော်လည်း တာဝန်ရှိသူများက လက်မှတ်ရေးထိုးထားကြောင်း မတွေ့ရပါ။

[2] အာရှဆက်ဆံရေး တရုတ်အထူးကိုယ်စားလှယ် နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံ သံအမတ်၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်၊ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေး နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်၊ မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေး ဂျပန်အထူးကိုယ်စားလှယ် နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးရာဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန် နှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊ နှင့် အာဆီယံအထူးကိုယ်စားလှယ်များထံသို့လိပ်မူပေးပို့ ခဲ့ခြင်း ဖြစ်သည်။

[3] Joint Proposal NCA-S EAOs 2021, May 11.

https://drive.google.com/file/d/1r8sJ_0D-27RbYHGSS_TfAzwMl6sFt6UT/view

ပါဝင်သည်။ NCAကို အကြောင်းပြု၍ ASEAN ၏ နိုင်ငံတကာဥပဒေကို ဆန့်ကျင်သည့် လမ်းကြောင်း[4] ကိုရည်ညွှန်းကာ နိုင်ငံရေးဆွေးနွေးရန်တင်လာခြင်းသည် ဥပဒေကြောင်းအရ မှားယွင်းသည်။ နိုင်ငံတကာ ကုဇဝတ်ကောင်၊ အကြမ်းဖက်သမား မင်းအောင်လှိုင်နှင့် အဖွဲ့အား နိုင်ငံရေးဆွေးနွေးသည် ဟူ၍ အကြောင်း ပြကာ လွတ်ကင်းခွင့် ပေး၍ မရနိုင်သောကြောင့်ဖြစ်သည်။

၃။ ၎င်းတို့၏ အဆိုပြုစာပါ နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်၏ အခြေခံမူ ၄ ရပ်[5]တွင် NCA ကို ကို အခြေခံလျက်ချမှတ်ထားသည်ကို တွေ့ရသည်။ ယင်း၏အခြေခံမူ (၁) တွင် နိုင်ငံရေးပြဿနာကို လက်နက်ကိုင်ဖြေရှင်းနည်းအစား ဆွေးနွေးမှုလမ်းကြောင်းဖြင့် ဖြေရှင်းရမည်ဟု NCA စာချုပ်၏ အခြေခံမူ ၁ (ခ) ကို တင်ထားသည်။ NCA စာချုပ်၏နိဒါန်း ကို ရည်ညွှန်းလျက် ဆွေးနွေးရေးတွင် မြန်မာ့တပ်မတော်(စစ်ကောင်စီ) အပါအဝင် ပါဝင်သင့်ပါဝင်ထိုက်သော အစုအဖွဲ့များပါဝင်ရန်နှင့် ဆွေးနွေးသည့် အခါ NCA စာချုပ်ပါအရ ဂုဏ်သိက္ခာ နှင့် တရားမျှတမှုတို့ကို အခြေခံရမည်ဟု အခြေခံမူ (၃)တွင် တင်ပြထားသည်။

၄။ ပို၍ဆိုးဝါးသည်မှာ ယင်းအဆိုပြုလုပ်ငန်းစဉ် (Preliminary Plan) ၏ Five National Causes တွင် NCA အခန်း(၁) အခြေခံမူ (၁)(က) ကိုရည်ညွှန်းလျက် ဒို့တာဝန်အရေးသုံးပါး[6]ကို ထိပ်ဆုံးကအစဉ်လိုက် ထည့်သွင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းသည် တင်းကြပ်သောဗဟိုချုပ်ကိုင်မှုစနစ် ကျင့်သုံးခြင်းကိုသာ ဦးတည်စေသည်။ စစ်အာဏာရှင် ခေါင်းဆောင်များသည် တို့တာဝန်အရေးသုံးပါးကို ကြွေးကြော်လျက် လွန်ခဲ့သောဆယ်စုနှစ် ၃ ခုကျော်အတွင်း တိုင်းရင်းသားပြည်သူတရပ်လုံး ကို ဆန့်ကျင်ဖိနှိပ်ရက်စက်မှု များပြု ခဲ့သည်။ ပြည်တွင်းစစ် ကို သက်ဆိုးရှည်စေခဲ့သည်။ အပစ်ရပ်ဆယ်ဖွဲ့က တို့တာဝန်အရေးသုံးပါးကို ဦးထိပ်တင်နေခြင်းသည် ဖက်ဒရယ်စနစ်ကို လက်တွေ့အရ ဆန့်ကျင်နေကြခြင်းဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံကို ပြန်လည် အသက်သွင်းနေခြင်းဖြစ်သည်။

---

[4] ဥပဒေအထောက်အကူပြုကွန်ရက်၊ မင်းအောင်လှိုင်တက်ရောက်ခဲ့သော အာဆီယံ အစည်းအဝေးနှင့် စပ်လျဉ်း၍ သုံးသပ်ထုတ်ပြန်ချက်၊ ဧပြီလ ၂၅ ရက် ၂၀၂၁ ခုနှစ်။
https://drive.google.com/file/d/1TIhTuyJ5i8hbPRmszVYUo6vMBU_tEFAE/view?usp=sharing
LAN's Statement on ASEAN Leaders' Meeting Attended by Min Aung Hlaint, April 25, 2021:
https://drive.google.com/file/d/1JLg92AiwRxP6F3Enf68Bp_fguND6zzhD/view?usp=sharing

[5] NCA-SEAO, Preliminary Plan, 11 May 2021. https://drive.google.com/file/d/195sYhC-hH1xdnnWmtHC4zsAEh3kZKDXH/view?usp=sharing

Basic Principles:

1. Resolution of political crises through political dialogue instead of armed force (NCA Principles 1.b).
2. Political dialogue must involve all stakeholders (Preamble to the NCA).
3. Political dialogue must be based on dignity and justice (Preamble to the NCA).
4. The Myanmar Government, Tatmadaw and ethnic armed organizations must protect civilians (NCA Chapter 3.9)

[6] NCA-SEAO, Preliminary Plan, 11 May 2021. https://drive.google.com/file/d/195sYhC-hH1xdnnWmtHC4zsAEh3kZKDXH/view?usp=sharing
NCA အခန်း(၁) အခြေခံမူ (၁)(က) "ပြည်ထောင်စုသမ္မတနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို ရှေးရှု၍ ......................................"

၅။ NCA ၏ ဥပဒေအဆင့် (Legal Status)သည် နိုင်ငံတကာဥပဒေ နှင့် ပြည်တွင်းဥပဒေ နှစ်ရပ်လုံးအရ တရားဝင်မှုမရှိပါ။ NCA သည် စာချုပ်တရပ်တွင် ရှိသင့်ရှိထိုက်သော ဥပဒေ အင်္ဂါရပ်များနှင့် မပြည့်စုံ။ NCA အရ ဥပဒေစိုးမိုးရေးကို မည်သို့မျှ အကောင်အထည်ဖော်လို့မရ၊ တရားမျှတကို မရှာနိုင်၊ လူ့အခွင့်အရေးကို မရနိုင်ပါ။ NCA တွင် လူ့အခွင့်အရေးဟူသည့် ဝေါဟာရတလုံးတလေမှ မပါရှိ၊

၆။ ဥပဒေစိုးမိုးရေး နှင့်စပ်လျဥ်း၍ အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေး ကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန် [7] ဆိုသည့် အချက်တချက်ကိုသာတွေ့ရသည်။ ဥပဒေစိုးမိုးရေးဟူသည် ညှိနှိုင်း၍ ရသည့်ကိစ္စမဟုတ်။ ယင်းသို့ ပြုခြင်းဖြင့် ပြစ်မှုကျူးလွန်သူ၊ စာချုပ်ဖောက်ဖျက်သူများကို အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ပေးနိုင်၊ ပေးလည်းပေးခဲ့သဖြင့် ဥပဒေစိုးမိုးရေးအခြေခံနှင့် ဆန့်ကျင်သည်။ ထို့အပြင် NCA ပါအချက်များကို တဘက်ဘက်က ချိုးဖောက်ခဲ့လျှင် အရေးယူအပြစ်ပေးရန် အတင်းအကြပ်အကောင်အထည်ဖော်မည့် ယန္တရားမရှိ။ သူခိုးက လူပာစ်သည် ဟူ၍ မြန်မာဆိုရိုးစကားရှိသည်။ NCA အောက်တွင် တလျောက်လုံး သူခိုးက လူပာစ်ခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီကိုယ်တိုင်က NCA ကို ပြင်းထန်စွာချိုးဖောက်ခဲ့ပါလျက် ကေအဲန်ယူကချိုးဖောက်ကြောင်းဖြင့် မေလ ၁၈ ရက်နေ့ မှာပင် စွပ်စွဲလိုက်ပြန်သည်။ [8] NCA ကိုကိုင်ပြီး မည်သို့လျှင် ပြဿနာကို ဖြေရှင်းမည်နည်း။

၇။ NCA အားကိုးကားပြီး တရားရုံးတွင် တရားစွဲဆို၊ အဆုံးအဖြတ်ခံယူနိုင်ရန်အတွက် ယင်းစာချုပ်အား ဥပဒေအဖြစ်သို့ ပြောင်းလဲနိုင်မည့် ပြဌာန်းချက်မပါရှိ။ အာဏာပိုင်များက ပြောင်းလဲပေးခဲ့ခြင်းလည်း မရှိ။ သို့ဖြစ်၍ နိုင်ငံတကာဥပဒေ အခြေခံများနှင့်လည်းကောင်း၊ နိုင်ငံတချို့၏ အတွေ့အကြုံများနှင့် နှိုင်းယှဥ်သုံးသပ်ခြင်းအားဖြင့်လည်းကောင်း၊ NCA သည် ဥပဒေအရတရား မဝင်ကြောင်းတွေ့ရသည်။[9] ထို့အပြင် ပြည်တွင်းဥပဒေအရလည်း ၂၀၀၈ ဖွဲ့စည်းပုံအား အာဏာသိမ်းစစ်ကောင်စီကချိုးဖောက်ခဲ့ပြီးဖြစ်သဖြင့် ဥပဒေ၏ သဘောအရလည်း အသက်မဝင်တော့ကြောင်း ဥပဒေအထောက်အကူ ပြုကွန်ရက် (LAN) က ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။[10]

၈။ NCA လက်မှတ်ထိုး အဖွဲ့ များသည် နိုင်ငံရေး နှင့် ဥပဒေစိုးမိုးရေးကို ခွဲခြားကျင့်သုံးသင့်သည်။ နိုင်ငံရေးဆွေးနွေးမှု လမ်းကြောင်း အလုပ်မဖြစ်သည်မှာ နှစ်ပေါင်းခုနစ်ဆယ်အတွင်း မငြိမ်းနိုင်အောင်ဖြစ်ပွား ခဲ့သည့် ပြည်တွင်းစစ်က သက်သေဖြစ်သည်။ ထို့အပြင် NCA လက်မှတ်ရေးထိုးအဖွဲ့တချို့နှင့် မြန်မာစစ်ကောင်စီတပ်များ

---

[7] NCA အခန်း (၃) အပိုဒ် ၅(ဇ) "အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေး ကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း၍ အရေးယူဆောင်ရွက် သွားရန်"

[8] ကေအဲန်ယူ တပ်မဟာ (၁) (၆) နှင့် (၇) တို့ သည် NCA ကို ချိုးဖောက်ကြောင်း စစ်ကောင်စီက စွပ်စွဲခြင်း

https://drive.google.com/file/d/1qCO64Ts_PW-_FlCeHoHHMQIax4XRofun/view?usp=sharing

[9] မြန်မာနိုင်ငံ၏ ငြိမ်းချမ်းမှုရှာဖွေရေးဖြစ်စဉ်ကို လမ်းကြောင်းသစ်မှ ချဉ်းကပ်ခြင်း၊ အခန်း(၃) NCA ၏ တရားဝင်မှုအဆင့်အတန်း၊ စာ- ၅၁ မှ ၅၆။ ဖက်ဒရယ်ဥပဒေအကယ်ဒမီ။ ၂၀၂၁ခုနှစ်၊ အောက်တို ဘာလ (၂၇) ရက်။

https://www.legalaidnetwork.org/Statement/NewApproachPeace/NewApproach%20Peace%20Bur.pdf

[10] မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပွားနေသော စစ်တပ်အာဏာသိမ်းမှုအားဥပဒေရှုထောင့်မှ သုံးသပ်ခြင်း၊ ဥပဒေအထောက်အကူ ပြုကွန်ရက်၊ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ (၃)ရက်နေ့ ထုတ်ပြန်ချက်။

https://www.legalaidnetwork.org/Statement/Military%20Seized%20/Military%20Coup%20Bur.pdf

သည် လက်မှတ်ရေးထိုးခဲ့သည့်နောက်ပိုင်း လတ်တလောအချိန်ထိပင် တိုက်ပွဲများ ဖြစ်ပွားဆဲဖြစ်သည်။ ထို့ကြောင့် လက်ရှိတင်လာသည့် NCA ကို အခြေခံ၍ ပြုလုပ်မည့်နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်မှာ ဥပဒေစိုးမိုးရေးကို ပျက်သည်ထက် ပျက်သုန်းစေရုံ ကလွဲ၍ မည်သို့မျှအလုပ်မဖြစ်ပါ။

၉ ။ ဥပဒေစိုးမိုးရေးအခြေခံမှနေ၍စစ်ကောင်စီအား နိုင်ငံရေးဆွေးနွေးဖက်အဖြစ် ထည့်သွင်းစဉ်းစား၍ မရပါ။ ဆွေးနွေးမှုပြုလုပ်မည်ဆိုပါက ပြည်တွင်းစစ်တလျှောက်လုံး နှင့် ကနေ့အချိန်ထိ စစ်ခေါင်းဆောင်များက ကျူးလွန်ခဲ့သည့်ပြစ်မှုများကို ကင်းလွတ်ခွင့်ပေးရမည် ဖြစ်သည်။ ယင်းမှာ ၎င်းတို့အားနောက်ထပ်ပိုမိုကြီးမားသည့် ပြစ်မှုကြီးများ ထပ်မံကျူးလွန်ရန် ခွင့်ပြု အားပေးလိုက်ကာလည်းရောက်သည်။ အင်မတန်ဆိုးဝါးပြင်းထန်သည့် နိုင်ငံတကာအဆင့်ရှိ ရာဇဝတ်ပြစ်မှုကြီးများကို ကျူးလွန်သူများအား နိုင်ငံတကာဥပဒေအရ ကင်းလွတ်ခွင့်လုံးဝပေးလို့မရ။ အရေးယူကိုယူရပါမည်။ သို့ဖြစ်၍ NCA လက်မှတ်ထိုး ရှစ်ဖွဲ့က တင်လိုက်သော စစ်ကောင်စီနှင့် ဆွေးနွေးရေးလမ်းကြောင်းမှာ ပြစ်မှုကျူးလွန်သူအား အပြစ်ပေးအရေးယူရေး ဆိုသည့် ဥပဒေစိုးမိုးရေးအခြေခံကို လုံးဝဆန့်ကျင်လိုက်ခြင်းဖြစ်သည်။

၁၀။ အမျိုးသားညီညွတ်ရေးအစိုးရ NUG အနေဖြင့်လည်း ယခုအချိန်ထိ NCA နှင့်စပ်လျဉ်း၍ ၎င်း၏ မူကို ရှင်းရှင်းလင်းလင်း ချပြခြင်းမရှိသေးပါ။ NCA ကို ဆက်လက်ဖက်တွယ်ထားသင့်၊ မသင့်ဆိုသည်မှာ မူပိုင်းဆိုင်ရာဖြစ်သည်။ ဒုတိယသမ္မတကြီးသည် မူပိုင်းဆိုင်ရာအရ ပြတ်သားစွာ ဦးဆောင်သင့်ပါသည်။ ယင်းသို့ ဦးဆောင်ခွင့်ရစေရေးအတွက် ကြားကာလဖွဲ့စည်းပုံအခြေခံ ဥပဒေ တရပ်နှင့်အညီ မိမိအား အခွင့်အာဏာ အပ်နှင်းပေးရန် တောင်းဆိုသင့်ပါသည်။ မည်သည့်မူပိုင်းဆိုင်ရာကိုမျှ ဦးဆောင်ခွင့်မရပါက ရာထူးကနေ နုတ်ထွက်သင့်ပါသည်။

## ကန့်ကွက်ရှုံ့ချခြင်း

တိုင်းရင်းသားပေါင်းစုံ လူထုတရပ်လုံးက စစ်အာဏာရှင်များ အမြစ်ပြတ်တိုက်ပွဲ ဝင်နေချိန် NCA-SEAO တို့အနေဖြင့် မည်သို့မျှစွဲကိုင်ဖို့ မသင့်တော့သည့် NCA ကို အသေဆုပ်ကိုင်လျက် စစ်ကောင်စီနှင့် ဆွေးနွေးရေးလမ်းကြောင်း တင်လာမှုမှာဥပဒေစိုးမိုးရေးကို လုံးဝမျက်ကွယ်ပြုခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကို မယုံကြည်ရာ၊ စစ်ဖိနပ်အောက် ဒူးထောက်ရာလည်း ရောက်သည်။ စစ်ခေါင်းဆောင်များနှင့် လက်ဝါးခြင်းရိုက်၊ အကျိုးတူပေါင်းသင်း၊ နည်းလမ်းရှာပေးရာလည်း ရောက်သဖြင့် ၎င်းတို့၏ နိုင်ငံရေးဂုဏ်သိက္ခာ ကိုလည်း ထိခိုက်သည်။ စစ်အာဏာရှင်စနစ်ကို ရဲဝံ့ပြတ်သားစွာ ဆန့်ကျင်တိုက်ပွဲဝင်လျက်ရှိသော လူထုတရပ်လုံး၏ ပေးဆပ်ထားသည့် အသက်၊ သွေး၊ ချွေး နှင့် ဘဝတို့ကို မျက်ကွယ်ပြုသည့် လုပ်ရပ်ဖြစ်သည်။ ဤကဲ့သို့သောလုပ်ရပ်အား ဥပဒေအထောက်အကူပြုကွန်ရက်က ကန့်ကွက်ရှုံ့ချပါသည်။

## အကြံပြုတိုက်တွန်းခြင်း

- အမျိုးသားညီညွတ်ရေးအစိုးရ NUG နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ CRPH တို့အနေဖြင့် NCA စာချုပ်သည် ပျက်ပြယ်သွားပြီဖြစ်ကြောင်း အမြန်ဆုံး တရားဝင်ထုတ်ပြန်ကြေငြာရန်။

- NUG အစိုးရအဖွဲ့အတွင်းတွင် NCA-SEAO အဖွဲ့ဝင်များကို ထည့်သွင်းဖွဲ့စည်းရာတွင် ပြတ်သားရှင်းလင်းသည့်မူဝါဒကို ချမှတ် ဆောင်ရွက်ရန်။

- NCA-SEAO များက ဦးဆောင်မည့် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ကဏ္ဍအသီးသီးမှ ပါဝင်ကြရန် ဖိတ်ခေါ်ခြင်းခံထားရသည့် သံတမန်များ၊ ကိုယ်စားလှယ်များအနေဖြင့် စစ် အကြမ်းဖက်ခေါင်းဆောင် မင်းအောင်လှိုင် နှင့် ၎င်း၏လက်အောက်ခံ ကြံ့ရာပါများအား ၎င်းတို့ ကျူးလွန်ခဲ့သောပြစ်မှုကြီးများအတွက် အရေးယူအပြစ်ပေးခြင်းဖြင့် တာဝန်ခံမှုကိုရှာဖွေနိုင်ရေး ကြိုးပမ်းအားထုတ်လုပ်ဆောင်ရန်။

- NCA-SEAO များအနေဖြင့် NCA စာချုပ် မှ နုတ်ထွက်ကြောင်းတရားဝင်ကြေငြာရန်[11] နှင့် ဥပဒေစိုးမိုးရေးအခြေခံမှ နေ၍ ပြည်ထောင်စုအကျိုးစီးပွားကို တည်ဆောက်နိုင်ရန်အတွက် FCDCC ၏ ဖက်ဒရယ်ဖွဲ့စည်းပုံ ဒုတိယမူကြမ်း ကို ယာယီအတည်ပြုခြင်း၊ ယင်းကို အခြေခံလျက် ပေါ်ပေါက်လာသည့် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်ရပ်ကို အတည်ပြုပြီး စစ်အာဏာရှင်အမြစ်ပြုတ် တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက် ရန်။

## ဥပဒေအထောက်အကူပြုကွန်ရက် မေလ (၂၄) ရက် ၂၀၂၁ခုနှစ်။

### အသေးစိတ်သိရှိလိုလျှင် ဆက်သွယ်ရန်

Mr. Aung Htoo, M.A (Human Rights) R.L., Human Rights Lawyer
Program on Teaching Human Rights Law, Columbia University, New York, USA.
Founder of Legal Aid Network (LAN) and Principal of Federal Law Academy
E.mail: legalaidnetwork@gmail.com
Website: legalaidnetwork.org
Tel: (46) 76 1156 215

Mr. Adalgiso Montinari: M.A Conflict Studies and Human Rights, University of Utrecht, The Netherlands.
Senior Researcher & Program Facilitator - Legal Aid Network (LAN)
E.mail: legalaidnetwork@gmail.com

Mr. Kyaw Kyaw, B.Sc (Geology)
Strategy & Policy Consultant
Legal Aid Network (LAN)
E.mail: kyawkyaw@legalaidnetwork.org

[11] တနိုင်ငံလုံးအပစ်ရပ်စာချုပ် NCA ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားခုခံစစ်ဆင် အဖွဲ့အစည်း များအနေဖြင့် NCA မှ အပြီးအပိုင် နုတ်ထွက်ကြောင်း တရားဝင်ကြေငြာရန် တိုက်တွန်းခြင်း။ ဥပဒေအထောက်အကူပြုကွန်ရက်၊ မတ်လ (၂၆) ရက်၊ ၂၀၂၁ ခုနှစ်။ https://www.legalaidnetwork.org/statement_burmese.html

Ms. Lu Awng (LL.B, B.A Com Arts)
Advocacy Coordinator, Legislative Assemblies
Legal Aid Network (LAN)
Email: lu.awng@legalaidnetwork.org

Ms. Ja Nu Pan (LL.B, LL.M, Ph.D)
Advocacy Coordinator for Legal and Constitutional Campaign
Legal Aid Network (LAN)
E.mail: janupan@legalaidnetwork.org

Mr. Lahpai Naw San (LL.B, D.L)
Advocacy Coordinator to Ethnic Resistance Organizations
Legal Aid Network (LAN)
E.mail: lahpai.nawsan@legalaidnetwork.org

Ms. Roi San Awng (LL.B, DBL, DML)
Advocacy Coordinator to National Legal Communities
Legal Aid Network (LAN)
E.mail: roisanawng@legalaidnetwork.org